mgyoe.com


# အလွယ်ဆုံး အခြေခံ ကီးဘုတ်တီးခတ်နည်း

တေးသွားများကို တီးခတ်နည်းနှင့်
လျှပ်စစ်ကီးဘုတ်အားလုံးအတွက်
အခြေခံသင်ခန်းစာများ



မိုးဇော်ဦး
မြန်မာပြန်ဆိုသည်

A "HOW-TO-PLAY GUIDE" FOR BEGINNERS




ကမ္ဘာကြီးပေါ်က လူသားတွေအားလုံး
ဂီတကို ပြောဆိုကြတယ်။
ဘာသာစကားတွေသာ ခြားနားပေမဲ့
ဂီတမှာတော့ မခြားနားဘူး။

# GETTING STARTED

## A "HOW-TO-PLAY GUIDE" FOR BEGINNERS

BY CONNIE KASH

# အလွယ်ဆုံး အခြေခံကီးဘုတ် တီးခတ်နည်း

ISBN 9789997110251
NW107
9 789997 110251
1,500.00KS

mgyoe.com

အလွယ်ဆုံး အခြေခံကီးဘုတ် တီးခတ်နည်း၊ မိုးဇော်ဦး
စာမျက်နှာ ၆၆ မျက်နှာ၊ ၁၄•၅ စင်တီ × ၂၀•၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# အလွယ်ဆုံး
# အခြေခံကီးဘုတ် တီးခတ်နည်း

## Getting Started
## A"How-To-Play Guide"
## For Beginners

Connie Kash

မိုးဇော်ဦး
မြန်မာပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၇


mgyoe.com

mgyoe.com

mgyoe.com



mgyoe.com
mgyoe.com




# အလွယ်ဆုံး အခြေခံကီးဘုတ် ဖတီးခတ်နည်း

## မာတိကာ


| | | |
|---|---|---|
| ၁။ | သင်၏လျှပ်စစ်ကီးဘုတ်ဖြင့် တီးခတ်မှုစတင်ခြင်း | ၄ |
| ၂။ | ကော့ဒ်အတွဲအဖက်ကဏ္ဍ | ၅ |
| ၃။ | တေးသွား (Melody) ကဏ္ဍ | ၆ |
| ၄။ | တေးသွားများကို မဆိုင်းမတွ တီးခတ်ခြင်း | ၈ |
| ၅။ | အကြားအာရုံထက်မြက်မှုဖြင့် တီးခတ်ခြင်း | ၉ |
| ၆။ | နောက်ခံဂီတဖြင့် တွဲဖက်တီးခတ်ခြင်း | ၁၂ |
| ၇။ | ကော့ဒ်သင်္ကေတများ | ၁၃ |
| ၈။ | ဂီတဆိုင်ရာ အချက်အလက်များ | ၁၅ |
| ၉။ | ဂီတဆိုင်ရာ အက္ခရာများ | ၁၅ |
| ၁၀။ | ဂီတသင်္ကေတရေးသည့်မျဉ်းပြိုင် ၅ ကြောင်း (သို့) စတပ်ဖ် The Staff | ၁၅ |
| ၁၁။ | ကီးဘုတ်နှင့် တွဲဖက်ညီသည့် ဂီတသင်္ကေတနုတ်စ်များ (Notes) | ၁၇ |
| ၁၂။ | ရိုက်ချက် (Beats)နှင့် နရီတန်ဖိုးများ (Time Values) | ၁၇ |
| ၁၃။ | နောက်ထပ်ဂီတဆိုင်ရာအချက်အလက်များ | ၁၈ |
| ၁၄။ | လက်ချောင်းများကို နေရာချထားခြင်း | ၁၉ |
| ၁၅။ | အလိုအလျောက်စည်းချက်ရစ်သမ် (Rhythm) ဖြင့် တီးခတ်ခြင်း | ၂၂ |
| ၁၆။ | နောက်ထပ် ပစ်ကပ်နုတ်စ်များ (Pick-Up Notes) | ၂၄ |


mgyoe.com

၁၇။ သက်ငြိမ်(Rest) ၂၆
၁၈။ ရှာ့ပ်နှင့် ဖလက်များ (Sharps And Flats) ၂၇
၁၉။ စိတ်ကြိုက် ဆဲဗင်းသ်ကော့ဒ်များ (Seventh (7) Chords) (G)7 ၂၈
၂၀။ ထပ်ကျော့သင်္ကေတနှင့် နှစ်မျိုးနှစ်ခုသော အဆုံးသတ် ၃၂
၂၁။ စိတ်ကြိုက် ရွေးချယ်နိုင်သော အဆုံးသတ် ၃၉
၂၂။ မိုင်နာကော့ဒ်များ(Minor Chords) (Am) (Fm) ၄၀
၂၃။ အိတ်သ်နုတ်စ် (Eighth Notes) ၄၃
၂၄။ ရိုက်ချက်တစ်ဝက်နှင့်
၂၅။ အိတ်သ်နုတ် (Eighth Note) ကို ရေတွက်ခြင်း ၄၃

❑

mgyoe.com

 mgyoe.com 

## သင်၏လျှပ်စစ်ကီးဘုတ်ဖြင့် တီးခတ်မှုစတင်ခြင်း




ခင်ဗျားတီးနေတာကို ရပ်မရဘူး ဖြစ်နေရင်၊ ဒါမှမဟုတ် ခင်ဗျား တီးချင်နေပြီး တီးမရဘူးဖြစ်နေရင် ပါဝါခလုတ်လေးကို အဖွင့်အပိတ်လုပ်ရုံပါပဲ။




mgyoe.com


mgyoe.com


## ကော့ဒ်အတွဲအဖက်ကဏ္ဍ

ဒီနေ့ဈေးကွက်ထဲ ဖြန့်ချိထားတဲ့ စားပွဲတင်လျှပ်စစ်ကီးဘုတ်အများစုရဲ့ ကော့ဒ် အတွဲအဖက်ခလုတ်တွေဟာ ကီးဘုတ်ရဲ့ဘယ်ဘက်အဆုံးမှာ ရှိပါတယ်။ တချို့ကီးဘုတ် တွေမှာတော့ (ပုံစံ–က)မှာပြထားတာထက်ပိုတဲ့ ကော့ဒ်အတွဲအဖက်ခလုတ်တွေ ရှိပါ တယ်။ တချို့က ကော့ဒ်အတွဲအဖက်ကို အဖွင့်အပိတ်ခလုတ်အနေနဲ့ ကီးဘုတ်ရဲ့ဘယ် ဘက်မှာ သီးခြားခွဲထုတ်ထားတတ်ပါတယ်။ (ပုံစံ–ခ)

ပုံစံ–က


ကော့ဒ်အတွဲအဖက် ခလုတ်များ




ပုံစံ–ခ

ကော့ဒ်အတွဲအဖက် အဖွင့်အပိတ် ခလုတ်များ




mgyoe.com

mgyoe.com




## တေးသွား (Melody) ကဏ္ဍ


တစ်ဖက်စာမျက်နှာ(၅)မှာပြထားတဲ့ ကီးဘုတ်ပုံစံမှာ အရောင်ခြယ်မထားတဲ့ ခလုတ်တွေဟာ တေးသွား (Melody) တီးခတ်ရမယ့် ခလုတ်တွေပဲဖြစ်ပါတယ်။ အလယ် ဗဟို (C) ခလုတ်ကို စက်ဝိုင်းထဲမှာ (C) လို့ရေးပြီး ညွှန်ပြထားပါတယ်။ ကော့ဒ်အတွဲ အဖက်ကဏ္ဍအဆုံးမှာ ပထမဆုံး(C) ခလုတ်ကို အမြဲလိုလိုမြင်တွေ့ရမှာပါ။ (ပုံစံ–က)

ဒါမှမဟုတ်ရင် ကီးဘုတ်ရဲ့ ဘယ်ဘက်အဆုံးနားမှာ ပထမဆုံး (C) ခလုတ်ကို တွေ့မြင်နိုင်ပါတယ်။ (ပုံစံ–ခ)




mgyoe.com

အခု ခင်ဗျားလုပ်ရမှာကတော့ ကီးဘုတ်ခလုတ်ပေါ်မှာ A-B-C စတဲ့ စတစ်ကာလေးတွေ ကပ်ဖို့ပါပဲ။ ဒါက ခင်ဗျားကို ခလုတ်တစ်ခုချင်းစီ မှတ်မိနေစေလိမ့်မယ်။ အခု C,D,E,F,G စတစ်ကာလေးတွေကို အောက်မှာ ပြထားတဲ့အတိုင်း သူ့ခလုတ်နဲ့သူ ကပ်လိုက်ပါ။








mgyoe.com

mgyoe.com

# တေးသွားများကို မဆိုင်းမတွ တီးခတ်ခြင်း

အောက်ကတေးသွားတွေကို တီးကြည့်ပါ။ ဒီတေးသွားတွေက ကျော်ကြားထင်ရှားတဲ့ သီချင်းပိုဒ်တွေဖြစ်ပါတယ်။ ကီးဘုတ်ခလုတ်ပေါ်မှာ ကပ်ထားတဲ့စတစ်ကာ စာလုံးလေးတွေနဲ့ နုတ်စ်လို့ခေါ်တဲ့ စက်ဝိုင်းထဲက စာလုံးလေးတွေကို မလွဲဘဲညီနေအောင် တီးပါ။ စက်ဝိုင်းအနက်ရောင်ထဲက နုတ်စ် (Notes) တွေထက် အဖြူရောင်စက်ဝိုင်းထဲက နုတ်စ်တွေကို အသံပိုရှည်အောင် နှိပ်ထားပါ။

**MARIANNE**



All day, all night, Mar - i - anne,

**YOU LIGHT UP MY LIFE**




You light up my life, you give me hope to car - ry on.

**LET THE SUNSHINE IN**




Let the sun-shine, let the sun-shine in, the sun - shine in.

**WHEN THE SAINTS GO MARCHING IN**



Oh, when the saints go march-ing in,



Oh, when the saints go march-ing in,

mgyoe.com


mgyoe.com

# အကြားအာရုံထက်မြက်မှုဖြင့် တီးခတ်ခြင်း





အောက်မှာဖော်ပြထားတဲ့ တေးသွား (Melody) နုတ်စ် (Notes) တွေဟာ မပြည့်စုံသေးပါဘူး။ ဗလာဖြစ်နေတဲ့ စက်ဝိုင်းထဲက ကွက်လပ်ထဲမှာ မှန်ကန်တဲ့ ခလုတ်နာမည်တွေကို ရေးဖြည့်ကြည့်ပါ။ ဒီတေးသွားတွေဟာ ခင်ဗျားနဲ့ရင်းနှီးကျွမ်းဝင်ပြီးသား နာမည်ကြီးသီချင်းပိုဒ်တွေဖြစ်ပါတယ်။ ခင်ဗျားစိတ်ထဲမှာ ကြားဖူးတဲ့အတိုင်း၊ ဒါမှမဟုတ် ခင်ဗျားသိတဲ့အတိုင်း တေးသွားတွေကို တီးကြည့်ပါ။ ဒါ့အပြင် ခင်ဗျားကို ကူညီဖို့ပြထားတဲ့ စကားလုံးတွေနဲ့ သီချင်းသီဆိုကြည့်ပါ။

**JINGLE BELLS**




Jin - gle bells, jin - gle bells, jin - gle all the way

**MARY HAD A LITTLE LAMB (Also known as "Merrily We Roll Along")**





Ma - ry had a lit - tle lamb, lit - tle lamb, lit - tle lamb
or
Mer - ri - ly we roll a - long, roll a - long, roll a - long

*အဖြေကို စာမျက်နှာ(၂၄)တွင် ကြည့်ပါ။*


mgyoe.com

**ROW, ROW, ROW YOUR BOAT**





Row, row, row your boat, gent - ly down the stream

**FOR HE'S A JOLLY GOOD FELLOW**




For he 's a jol - ly good fel - low,



for he's a jol - ly good fel - low


အဖြေကို စာမျက်နှာ(၂၄)တွင် ကြည့်ပါ။





mgyoe.com





**WHEN THE SAINTS GO MARCHING IN**





Oh,whenthe saints go march-ing in,




Oh, when the saintsgo march-ing in,




I want to be there in the num-bers,




when the saints go march-ing in.

တေးသွား (MELODY) ဟာ (ဂီတသံတစ်လိုင်းတည်း ဆက်တိုက်ထွက်ပေါ်တယ်) သီချင်းတစ်ပုဒ်တီးခတ်တာရဲ့ အပိုင်းတစ်ခုသာပဲ။ ကျန်တဲ့အပိုင်းကတော့ အတွဲအဖက်ဂီတ (Accompaniment) ပိုင်း ဖြစ်ပါတယ်။ ခင်ဗျားရဲ့ လျှပ်စစ်ကီးဘုတ်ကို အစွမ်းကုန် အဆင့်မြှင့်တင်ထားပြီး ဘက်စုံသုံးတူရိယာတွေကိုလည်း အရင်ကထက် ပိုကောင်းအောင် တီထွင်ထားလို့ အတွဲအဖက်ဂီတပိုင်းကို တီးခတ်ဖို့လွယ်ကူပါတယ်။ နောက်စာမျက်နှာမှာ ဘေ့စ်နဲ့ကော့ဒ် တွဲဖက်တီးတာနဲ့ပတ်သက်ပြီး ဖတ်ကြည့်ပါ။

 mgyoe.com 

## နောက်ခံဂီတဖြင့် တွဲဖက်တီးခတ်ခြင်း

နောက်ခံဂီတအတွဲအဖက် (Accompaniment) ဟာ တေးသွား (Melody) ကို ပို့ပေးတဲ့အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီထဲမှာ ဘေ့စ် (Bass)နဲ့ ကော့ဒ် (Chords) တွေ ပါဝင်တယ်။ ကော့ဒ်ဆိုတာ အသံ(၃)သံ ဒါမှမဟုတ် အသံ (၃)သံထက်ပိုတဲ့အသံတွေကို တစ်ပြိုင်နက်တည်း တီးခတ်ရတာဖြစ်ပါတယ်။ ဂီတသံတွေဟာ တစ်ပေါင်းတည်း ရှိနေတယ်။ ကော့ဒ်က ထွက်ပေါ်လာတဲ့အသံတွေဟာ နှစ်လိုဖွယ်ကောင်းတဲ့အသံတွေပါ။ ခင်ဗျားရဲ့ စိတ်လိုလားမှုအပေါ် မူတည်ပြီး အသံတွေဟာ 'ရစ်သမ်' မှန်မှန်လှုပ်ရှားပြီး အဆက်မပြတ် ထွက်ပေါ်လာနိုင်ပါတယ်။

ဒီကနေ့ ကီးဘုတ်အများစုမှာ 'လွယ်လွယ်တီး' (Easy-Play) လို့ခေါ်တဲ့ တီးခတ်ရလွယ်ကူတဲ့ နောက်ခံဂီတစနစ်ကို ထည့်သွင်းထားပါတယ်။ လက်ညှိုးတစ်ချောင်းတည်းနဲ့ ကော့ဒ်တွေကို တီးနိုင်တဲ့စနစ်ပေါ့။ (အသေးစိတ်အချက်အလက်တွေကို သိရဖို့ ကီးဘုတ်ဝယ်စဉ်က ပါလာခဲ့တဲ့ ပိုင်ရှင်လက်စွဲစာအုပ်ကို ကြည့်ပါ)။





ကီးဘုတ်ပေါ်က လွယ်လွယ်တီးစနစ် ဒါမှမဟုတ် လက်တစ်ချောင်းတည်းနဲ့ တီးလို့ရတဲ့ ကော့ဒ်စနစ်ကို ဖွင့်လိုက်ပါ။ ခင်ဗျားရဲ့ ညာလက်ကို တေးသွား (Melody) တီးဖို့ အသုံးပြုပါ။ ခင်ဗျားရဲ့ဘယ်လက်ကို ကော့ဒ်တီးဖို့ အသုံးပြုပါ။ အခု တီးခတ်မှုအတွက် တခြားနရီစည်းဝါးအစီအစဉ်တွေကို မဖွင့်သေးဘဲ ကော့ဒ်သံတွေကိုပဲ အဆက်မပြတ် ထွက်ပေါ်နေပါစေ။

mgyoe.com


## ကော့ဒ်သင်္ကေတများ

ကော့ဒ်သင်္ကေတတွေကို လေးထောင့်ကွက်ထဲမှာ ဖော်ပြထားပါတယ်။ တေးသွားခလုတ်တွေရဲ့အပေါ်မှာလည်း တွေ့ရမှာပါ။ လေးထောင့်ကွက်ထဲက ကော့ဒ်သင်္ကေတဟာ ကီးဘုတ်ခလုတ်ပေါ်က အက္ခရာနဲ့ ကိုက်ညီရမယ်။ ကော့ဒ်တစ်ခုကို တီးတဲ့အခါ နောက်ကော့ဒ်တစ်ခုကို မပြောင်းမချင်း နှိပ်ထားရပါမယ်။

တကယ်လို့ ခင်ဗျားရဲ့ကီးဘုတ်မှာ ကော့ဒ်မှတ်ဉာဏ်အစီအစဉ် (Chord Me-mory Feature) ပါတယ်ဆိုရင် ကော့ဒ်တစ်ခုကို နှိပ်ပြီး လက်လွှတ်လိုက်ပေမဲ့ တခြားကော့ဒ်တစ်ခုကို မနှိပ်ခင်အထိ အသံဆက်လက်ထွက်ပေါ်နေပါလိမ့်မယ်။




နောက်သီချင်းတစ်ပုဒ်ကို မတီးခတ်ခင်
B စတစ်ကာကို အရင်ကပ်လိုက်ပါ။




mgyoe.com

mgyoe.com




**MARIANNE**

C HOLD* ——→ G HOLD and....

E G C E E D F

All day, all night, Mar - i - anne,

KEEP HOLDING ——→ C HOLD and

D F F B D D C E

down by the sea - side sift - in' sand.

KEEP HOLDING ——→ G HOLD and....

E E G G C E E E D F

Ev - en lit - tle chil - dren love Mar - i - anne,

KEEP HOLDING ——→ C HOLD and...RELEASE

D F F B D D C C

down by the sea - side sift - in' sand.

တကယ်လို့ ကော့ဒ်မှတ်ဉာဏ်အစီအစဉ်ကို ခင်ဗျားဖွင့်ထားတယ်ဆိုရင် ကော့ဒ်ခလုတ်ကို မလွှတ်တမ်းနှိပ်ထားစရာမလိုဘူး။ တချို့ကီးဘုတ်တွေမှာ အလိုအလျောက်ဖွင့်ထားတဲ့ ကော့ဒ်မှတ်ဉာဏ်အစီအစဉ် ပါဝင်ပါတယ်။ အဲဒီလိုဆိုရင်တော့ သူ့ကို မပိတ်နိုင်ပါဘူး။ (ကော့ဒ်မှတ်ဉာဏ် အလိုအလျောက်စနစ် ပါမပါ ပိုင်ရှင်လက်စွဲစာအုပ်မှာ ကြည့်ရှုပါ)

mgyoe.com

ကီးဘုတ်အများစုမှာတော့ လက်တစ်ချောင်းတည်းနဲ့ ကော့ဒ်ကိုနှိပ်ရတဲ့စနစ်ကို ပိတ်ထားနိုင်တယ်။ ဘာ့ဂ်၊ ဘီသိုဗင်တို့လို လက်ချောင်း(၃)ချောင်း ဒါမှမဟုတ် (၄)ချောင်းနဲ့တီးနိုင်တယ်။ ခင်ဗျားရဲ့ကီးဘုတ်နဲ့ ပျော်ရွှင်မှုရချင်တယ်ဆိုရင် လက်ချောင်းတစ်ချောင်းတည်း တီးလို့ရတဲ့စနစ်ကိုပဲ ထားလိုက်ပါ။ တကယ်တော့ ဒီစာအုပ်တစ်အုပ်လုံးက လွယ်လွယ်ကူကူ တီးခတ်နိုင်တဲ့ ကော့ဒ်အစီအစဉ်တွေကိုပဲ ဖော်ပြထားပါတယ်။




## ဂီတဆိုင်ရာ အချက်အလက်များ


မိနစ်အနည်းငယ် အချိန်ယူပြီး အောက်မှာဖော်ပြထားတဲ့ ဂီတဆိုင်ရာအချက်အလက်တွေကို ဖတ်ပါ။ ဒါတွေကို ခင်ဗျား လေ့ကျင့်ခဲ့ပြီးပြီဆိုတာ တွေ့ရှိရပါလိမ့်မယ်။

## ဂီတဆိုင်ရာ အက္ခရာများ

အင်္ဂလိပ်စာအက္ခရာ (၂၆)လုံး ရှိပါတယ်။ ဂီတအက္ခရာအနေနဲ့ အင်္ဂလိပ်စာက ပထမအက္ခရာ (၇)လုံး A,B,C,D,E,F,G ကို အသုံးပြုပါတယ်။

## ဂီတသင်္ကေတရေးသည့်မျဉ်းပြိုင် ၅ ကြောင်း (သို့) စတပ်ဖ် (The Staff)

**The Staff**





(၁) ဂီတစတပ်ဖ်မှာ မျဉ်းငါးကြောင်းနဲ့ နေရာလွတ်လေးခု ရှိပါတယ်။ လိုင်းငါးလိုင်းနဲ့ နေရာလွတ်လေးခုမှာ သူတို့နဲ့သက်ဆိုင်တဲ့ ဂီတအက္ခရာတစ်ခုစီ ရှိပါတယ်။

(၂) ထရက်ဘဲလ် ကလက်ဖ် (Treble Clef)သင်္ကေတက တေးသွား (Melody) ပါရှိတဲ့ စတပ်ဖ်ကို ညွှန်ပြပါတယ်။


mgyo.com

mgyoe.com





အဲဒီနုတ်ခ်တွေထဲက တချို့ဟာ စတပ်ပ်ရဲ့အပေါ်ဘက်နဲ့ အောက်ဘက်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြတယ်။ ဒါပေမဲ့ အဆင်ပြေပါတယ်။ တေးသွား (Melody) အများအပြားက အဲဒီအမြင့်သံနဲ့ အနိမ့်သံနုတ်ခ်တွေကို အသုံးပြုကြတယ်။



mgyoe.com


mgyoe.com

အောက်ကနုတ်စ်တွေကိုမြင်တော့ သတိရလား။ ခင်ဗျား တကယ်ပဲ နုတ်စ်တွေကို တီးနေခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားက စတပ်ဖ် (Staff) ရဲ့ အောက်ခြေလိုင်းကိုပဲ ကြည့်ခဲ့တယ်။ အခုကစပြီးတော့ စတပ်ဖ် (Staff) တစ်ခုလုံးကို ခင်ဗျား မြင်ရလိမ့်မယ်။




## ကီးဘုတ်နှင့် တွဲဖက်ညီသည့် ဂီတသင်္ကေတနုတ်စ်(Notes)များ

ကီးဘုတ်ခလုတ်တိုင်းမှာ ဂီတအက္ခရာက နာမည်စာလုံးတစ်လုံးစီ ရှိပါတယ်။ ဒါပေမဲ့ စာလုံး(၇)လုံးတည်းပါ။ အဲဒီအက္ခရာ(၇)လုံးကိုပဲ အကြိမ်ကြိမ်အခါခါ ပြန်ကျော့ထားပါတယ်။




အနိမ့်သံနုတ်စ်များ

နုတ်စ်တိုင်းမှာ ကီးဘုတ်ပေါ်က ခလုတ်နှင့် ကိုက်ညီမှုရှိသည်။

တေးသွား (Melody) ကဏ္ဍာ တီးခတ်ရမယ့် ကီးဘုတ်ညာဘက်ပိုင်းမှာ ကျန်တဲ့ A-B-C စတစ်ကာတွေကို ခင်ဗျား ကပ်ချင်မှာပါ။


## ရိုက်ချက်(Beats)နှင့် နရီတန်ဖိုးများ (Time Values)

အနက်ရောင်နုတ်စ် (Black Notes) တွေနဲ့ အဖြူရောင်နုတ်စ် (White Notes) တွေကို ခင်ဗျား တွေ့မြင်ခဲ့တာ သတိရရဲ့မဟုတ်လား။ ကောင်းပါပြီ။ အဲဒီနုတ်စ်တွေက ခင်ဗျားကို ဘယ်ခလုတ်နှိပ်ရမယ်ဆိုတာ ပြောပြမယ့်အပြင် ခလုတ်တစ်ခုစီကို ဘယ်လောက်အထိ အချိန်ဆွဲထားရမလဲဆိုတာကိုပါ အလင်းပြပါလိမ့်မယ်။


mgyoe.com

mgyoe.com

ဂီတမှာ နရီကို ရိုက်ချက်နဲ့တိုင်းတာပါတယ်။ ခင်ဗျားရဲ့ခြေထောက်နဲ့ ကြမ်းပြင်ပေါ် တစ်ချက်ပုတ်လိုက်တာကို ရိုက်ချက်တစ်ချက် (One Beat) လို့ သတ်မှတ်ပါတယ်။ ရိုက်ချက်နဲ့အညီ တစ်ပြိုင်နက်တီးရမှာပါ။ အောက်မှာဖော်ပြထားတာက ခင်ဗျားတီးခတ်ရမယ့် နုတ်အမျိုးအစားတွေ ဖြစ်ပါတယ်။ အဲဒီမှာ ရိုက်ချက်ဘယ်နှချက်ရှိတယ်။ ရိုက်ချက်တိုင်းမှာရရှိတဲ့ နုတ်တစ်ခုစီကို ဖော်ပြထားပါတယ်။




## နောက်ထပ်ဂီတဆိုင်ရာအချက်အလက်များ





နံပါတ်(၁)မှာ ဘားလိုင်း (Bar Lines)တွေဖြစ်တယ်။ ဒေါင်လိုက်ကန့်ထားတဲ့ မျဉ်းတွေဖြစ်တယ်။ နံပါတ်(၂)မှာ အတိုင်းအတာ (Measures) ဖြစ်တယ်။ ညီမျှစွာဖြတ်ထားတဲ့ အစိတ်အပိုင်းဖြစ်တယ်။ နံပါတ်(၃)မှာ နရီပြအမှတ်အသား (Time Signature) ဖြစ်တယ်။ အတိုင်းအတာ (Measure) တစ်ခုစီ (သို့) ဘား (Bar)တစ်ခုစီအတွင်း ရိုက်ချက်(၄)ချက် ရှိတယ်လို့ဆိုလိုတယ်။ နံပါတ်(၄)မှာ အသံအနိမ့်အမြင့်တူတဲ့ ဂီတသင်္ကေတနှစ်ခုကို တွဲပြတဲ့ပေါင်းကူးမျဉ်းတိုင် (Tie) ဖြစ်တယ်။ နုတ်စ်နှစ်ခုရဲ့ နရီတန်ဖိုးစုစုပေါင်းအတွက် ပထမနုတ်ကိုပဲတီးပြီး ဒုတိယနုတ်အထိ အသံကို ထိန်းထားရမယ်။ ဒုတိယနုတ်စ်ကို ထပ်မံတီးခတ်ဖို့ မလိုဘူး။ အဲဒီအတွက်ကြောင့် ဒုတိယနုတ်စ်မှာ ဘာစာလုံးမှ ထည့်မထားဘူး။


mgyoe.com


mgyoe.com

# လက်ချောင်းများကို နေရာချထားခြင်း


ခင်ဗျားရဲ့ညာဘက်လက်နဲ့ ပိုပြီးချောချောမွေ့မွေ့၊ ပိုပြီးလွယ်လွယ်ကူကူ တေးသွား (Melody) တွေ တီးနိုင်အောင်လို့ ဘယ်လိုနုတ် (Note) ကို ဘယ်လို လက်ချောင်းနဲ့ တီးရမယ်ဆိုတာ နံပါတ်စဉ်တပ်ပြီး ညွှန်ပြထားပါတယ်။





မှတ်ချက်။ ။ ဤပုံစံအတိုင်း နံပါတ်မတပ်လိုပါက ခင်ဗျား ကြိုက်နှစ်သက်သလို နံပါတ်တပ်နိုင်ပါသည်။








ဖော်ပြထားတဲ့ သီချင်းတွေမှာ ခင်ဗျားအတွက် ရင်းနှီးပြီးသားသီချင်းတွေ ပါဝင်ပါလိမ့်မယ်။
တချို့သီချင်းတွေကတော့
ခင်ဗျား သင်ထားတာတွေနဲ့ ပြန်အသုံးချနိုင်ပါလိမ့်မယ်။

mgyoe.com

# BEAUTIFUL BROWN EYES

PIANO





mgyoe.com

mgyoe.com

# SKATERS WALTZ

FLUTE
SOFT SOLO*




mgyoe.com